မြန်မာ့စာပို့တံဆိပ်ခေါင်းများ

မာတိကာ

နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်၏ အမှာစာ .... J
မြန်မာ့စာတိုက်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခမ်းအောင်၏ အမှာစာ .... K
ဒေါက်တာချစ်စံ (ချစ်စံဝင်း) ၏ အမှာစာ .... N
တံဆိပ်ခေါင်း စုဆောင်းသူဝါသနာရှင် ဦးသက်အောင်ဝင်း၏ အမှာစာ .... T
တံဆိပ်ခေါင်း စုဆောင်းသူဝါသနာရှင် တာမိုးညဲ ဦးသီဟလွင်၏ အမှာစာ X
စာရေးသူ၏ အမှာစာ .... AD
တံဆိပ်ခေါင်းဝေါဟာရဆိုင်ရာ အဓိပ္ပါယ်ရှင်းလင်းချက်များ .... AH
မြန်မာ့စာပို့တံဆိပ်ခေါင်းများနှင့် မိတ်ဆက် .... AK

ဗြိတိသျှကိုလိုနီခေတ်

မြန်မာ့ပထမဆုံးစာပို့တံဆိပ်ခေါင်းများ ၂
ပုံနှိပ်ထုတ်ဝေသော မြန်မာ့ပထမဆုံး အစဉ်သုံး တံဆိပ်ခေါင်းများ ၇
ကမ္ဘာ့ပထမဆုံး စာပို့တံဆိပ်ခေါင်း ရာပြည့် ၁၂
ဗြိတိသျှစစ်အုပ်ချုပ်ရေး ၁၃
မြန်မာနိုင်ငံဆိုင်ရာ မြို့ပြအုပ်ချုပ်ရေးအဖွဲ့ ၁၆
စစ်အောင်နိုင်ခြင်း အထိမ်းအမှတ် ၁၉
ကြားဖြတ်အစိုးရ ၂၀

မြန်မာနိုင်ငံဂျပန်ခေတ်

ဘီအိုင်အေနှင့် ဒေါင်းတံဆိပ်-တံဆိပ်ခေါင်းများ ၂၆
ယာနို တံဆိပ်ခေါင်း ၃၁
လယ်သမား တံဆိပ်ခေါင်း - ၁ ပဲတန် ၃၃
၁ ပဲတန် လယ်သမားတံဆိပ်ခေါင်းကို ၅ ဆင့် တန်ဖိုးပြောင်းခြင်း ၃၃
ဂျပန်ခေတ်နိုင်ငံခေတ်ပြိုင်(ရှိုဝါး) တံဆိပ်ခေါင်းများကို အသုံးပြုခြင်း ၃၄
ငွေကြေးစနစ်ပြောင်းလဲခြင်းနှင့် ဂျပန်ခေတ်ပြိုင်တံဆိပ်ခေါင်း ၃၆

ထပ်ဆင့်ရိုက်ချက်များ

ဂျပန်ခေတ် ဗမာနိုင်ငံတော် အစိုးရတံဆိပ်ပုံ-တံဆိပ်ခေါင်း ၃၇
'ဆင့်' တန်ဖိုးပြလယ်သမား တံဆိပ်ခေါင်းများ ၃၈
ဗမာနိုင်ငံလွတ်လပ်ရေးနေ့ အထိမ်းအမှတ် တံဆိပ်ခေါင်းများ ၃၉
ဂျပန်ခေတ် ဂျာဗား တံဆိပ်ခေါင်းများ ၄၀
ဂျပန်ခေတ် ရှမ်းပြည်နယ်သုံး တံဆိပ်ခေါင်းများ ၄၁
"ဗမာနိုင်ငံတော်" ထပ်ဆင့်ရိုက် ရှမ်းပြည်နယ် တံဆိပ်ခေါင်းများ ၄၂

ပါလီမန်ဒီမိုကရေစီခေတ်

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် လွတ်လပ်ရေးနေ့ တံဆိပ်ခေါင်းများ ၄၆
နိုင်ငံတော် လုပ်ကြံမှုကြီးနှင့် အာဇာနည်နေ့ ၅၀
၁၉၄၉ ခုနှစ် အစဉ်သုံး တံဆိပ်ခေါင်းများ ၅၂
ကမ္ဘာ့စာပို့တိုက်သမဂ္ဂ စိန်ရတု ၆၂
၁၉၅၂ ခုနှစ် အစဉ်သုံး တံဆိပ်ခေါင်းများ ၆၃
ပြည်တော်သာ စီမံကိန်း ၆၄
၁၉၅၄ ခုနှစ် အစဉ်သုံး တံဆိပ်ခေါင်းများ ၆၆
ဆဋ္ဌသင်္ဂါယနာ အထိမ်းအမှတ် ၆၈
ဗုဒ္ဓသာသနာ ၂၅၀၀ပြည့်အောင်ပွဲ ၇၃
မန္တလေးမြို့ နှစ်တစ်ရာပြည့် ၇၅
၁၄ ပြားပေါ် ၁၅ ပြား ထပ်ဆင့်ရိုက်ခြင်း ၇၇
ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ၇၈
ဒုတိယအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပွဲ ၇၉
မထုတ်ဝေဖြစ်ခဲ့သော တံဆိပ်ခေါင်းများ ၈၁
"ပြည်ထောင်စု" ထပ်ဆင့်ရိုက်တံဆိပ်ခေါင်းများ ၈၁
၁၉၅၂ ခုနှစ် "အစိုးရကိစ္စ" တံဆိပ်ခေါင်းများ ၈၃

တော်လှန်ရေးအစိုးရခေတ်

တော်လှန်ရေးကောင်စီ ပထမနှစ်ပတ်လည် ၈၆
"ဝတ်မွတ်ခြင်းဘေး ကင်းလွတ်ရေး" ၈၆
အလုပ်သမားနေ့ ၈၇
မြန်မာငှက်များ ၈၈
ပြည်တွင်းဖြစ် "အစိုးရကိစ္စ"များ ၉၃
အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေး ရာပြည့် ၉၄
အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှစ် ၉၅
တောင်သူလယ်သမားနေ့ ၉၇
၁၉၆၇ ခုနှစ် အလုပ်သမားနေ့ ၉၇
၁၉၆၈ ခုနှစ် လွတ်လပ်ရေးနေ့ ၉၈
မြန်မာ့ပုလဲများ ၉၉
၁၉၆၈ ခုနှစ် (ဒုတိယအကြိမ်) မြန်မာငှက်များ ၁၀၀
၁၉၆၉ ခုနှစ် တောင်သူလယ်သမားနေ့ ၁၀၂
ရွှေရတု အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ၁၀၃
ပဉ္စမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပွဲ ၁၀၄
(၂၅) နှစ်မြောက် တော်လှန်ရေးနေ့ ၁၀၅
(၂၅) နှစ်မြောက် ကုလသမဂ္ဂ အဖွဲ့ကြီး ၁၀၆
အမျိုးသားနေ့ ရွှေရတု ၁၀၇
မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပထမအကြိမ် ပါတီညီလာခံ ၁၀၉
ရွှေရတု ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ ၁၁၁
(၂၅) နှစ်မြောက် ပြည်ထောင်စုနေ့ ၁၁၂
(၁၀) နှစ်မြောက် တော်လှန်ရေး ကောင်စီ ၁၁၃
"သင့်နှလုံးသည် သင့်ကျန်းမာရေး" ၁၁၄
၁၉၇၃ သန်းခေါင်စာရင်းနှစ် ၁၁၅
၁၉၇၃ ခုနှစ် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ၁၁၇

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်

ပထမအကြိမ် ပြည်သူ့လွှတ်တော် ၁၉၇၄ .... ၁၂၀
ကမ္ဘာ့စာပို့တိုက်သမဂ္ဂရာပြည့် ၁၂၀
တိုင်းရင်းသားရိုးရာဝတ်စုံ အစဉ်သုံးတံဆိပ်ခေါင်းများ ၁၂၂
အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနှစ် ၁၂၇
ဖွဲ့စည်းပုံအခြေခံဥပဒေနေ့ ၁၂၈
နိုင်ငံတကာ စာမတတ်သူပပျောက်ရေးနေ့ ၁၂၉
နှစ်တစ်ရာပြည့် မြန်မာ့မီးရထား ၁၃၁
ကရဝိတ်ခန်းမ ၁၃၃
မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၁၃၄
ဂြိုလ်တု ဆက်သွယ်ရေးအထိမ်းအမှတ် ၁၃၆
အပြည်ပြည်ဆိုင်ရာ ကလေးများနှစ် ၁၃၇
ကမ္ဘာ့မိုးလေဝသနေ့ ၁၃၈
မော်စကိုအိုလံပစ် ၁၃၉
ကမ္ဘာ့ကြေးနန်းဆက်သွယ်ရေးနှင့် ကျန်းမာရေး ၁၃၉
ကမ္ဘာ့စားနပ်ရိက္ခာနေ့ ၁၄၀
အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနှစ် ၁၄၁
ကမ္ဘာ့ဆက်သွယ်ရေးနှစ် ၁၄၂
၁၉၈၃ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ၁၄၃
၁၉၈၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ၁၄၄
အပြည်ပြည်ဆိုင်ရာ လူငယ်များနှစ် ၁၄၅

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ခေတ်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ၁၄၈
ပြောင်းလဲခဲ့သည့် တိုင်းရင်းသားများ ၁၄၉
နှစ်(၄၀)မြောက် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် ၁၅၁
န-ဝ-တ ပတ္တမြား ၁၅၂
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ၁၅၃
အမျိုးသားအားကစားပွဲတော် ၁၅၅
ကမ္ဘာ့ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ၁၅၆
နိုင်ငံတကာ အာဟာရညီလာခံ ၁၅၇
အမျိုးသားညီလာခံ ၁၅၉
ဟင်္သာရုပ်နှင့် လောကနတ်ရုပ် ၁၆၀

မြန်မာ့ရိုးရာ မြင်းခင်းသဘင်ပွဲတော် ၁၆၂
ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ၁၆၃
ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ၁၆၄
မြန်မာ့တပ်မတော်နေ့ ရွှေရတု ၁၆၅
မူးယစ်ဆေးဝါး အန္တရာယ်တားဆီး ကာကွယ်ရေး ၁၆၆
မြန်မာ့ရုပ်ရှင် စိန်ရတုအထိမ်းအမှတ် ၁၆၇
နှစ်(၅၀) ပြည့် ကုလသမဂ္ဂ အဖွဲ့ကြီး ၁၆၈
ရန်ကုန်တက္ကသိုလ် စိန်ရတု ၁၆၉
မြန်မာ့ခရီးသွားနှစ်-၁၉၉၆ .... ၁၇၀
အပြည်ပြည်ဆိုင်ရာ ပေးစာရက်သတ္တပတ် ၁၇၁
နှစ် (၅၀) မြောက် ယူနီဆက်အဖွဲ့ကြီး ၁၇၂
နှစ် (၃၀) ပြည့် အာဆီယံအဖွဲ့ကြီး ၁၇၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်

နှစ်(၅၀) မြောက် လွတ်လပ်ရေးနေ့ ၁၇၆
မြန်မာ့ပတ္တလား ၁၇၆
မွန်လခြမ်းမောင်း ၁၇၇
(၇)ကြိမ်မြောက် အရှေ့ဖျားနှင့် တောင်ပစိဖိတ်ဒေသဆိုင်ရာ ၁၇၈
မသန်စွမ်းသူများ အားကစားပြိုင်ပွဲ
ရခိုင်မင်္ဂလာစည်တော် ၁၇၉
မြန်မာ့စောင်း ၁၇၉
ရှမ်းအိုးစည် ၁၈၀
(၁၂၅) နှစ်မြောက် ကမ္ဘာ့စာပို့တိုက် သမဂ္ဂ ၁၈၁
(၅၂) နှစ်မြောက် လွတ်လပ်ရေးနေ့ ၁၈၂
ကချင်မောင်း ၁၈၂
နှစ်(၅၀)ပြည့် ကမ္ဘာ့မိုးလေဝသနေ့ ၁၈၃
မြန်မာ-တရုတ်နှစ် (၅၀) သံတမန်ဆက်ဆံရေး ၁၈၄
မူးယစ်ဆေးဝါး အလွဲသုံးစားမှု ဆယ်စုနှစ် ၁၈၅
(၅၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ၁၈၅
(၅၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ၁၈၆
(၅၅) နှစ်မြောက် လွတ်လပ်ရေးနေ့ ၁၈၆
စိန်တစ်လုံး သရက်သီးနှင့် သစ်ခွနက် ၁၈၇
ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ရာပြည့် ၁၈၉
ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ၁၉၀
(၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ ၁၉၂
၂၀၀၇ ခုနှစ် အမျိုးသားညီလာခံ ၁၉၂
နှစ် (၄၀) မြောက် အာဆီယံ-တံဆိပ်ခေါင်းဆိုင်ရာ ပူးပေါင်းမှု ၁၉၄
(၆၀) နှစ်မြောက် လွတ်လပ်ရေးနေ့ ၁၉၈
ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ၁၉၉
(၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့ ၂၀၀
(၆၂) နှစ်မြောက် လွတ်လပ်ရေးနေ့ ၂၀၁
နှစ် (၆၀) မြောက် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ၂၀၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ခေတ်

ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ၂၀၄
အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း ၂၀၄
ချုပ်ဆိုခဲ့ခြင်း (၂၅) နှစ်မြောက်
(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ၂၀၆
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-အစိုးရသစ် ၂၀၆
(၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ၂၀၉
(၁၁) ကြိမ်မြောက် အာဆီယံ TELEMIN နှင့် (၁၂) ကြိမ်မြောက် ၂၁၀
အာဆီယံ TELESOM အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး
ဒုတိယအကြိမ် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ၂၁၁
နည်းပညာဆိုင်ရာ အရာရှိကြီးများနှင့် ဆက်သွယ်ရေး ဥပဒေပြုသူများ
ကောင်စီတို့၏ ခေါင်းဆောင်များ အစည်းအဝေး
(၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့, ... ၂၁၂
မြန်မာ-ရုရှားသံတမန် ဆက်ဆံရေး (၆၅) နှစ်မြောက် ၂၁၃
(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ၂၁၄
(၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ၂၁၇
လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ၂၁၈

(ဒုတိယစီးရီး) လူဦးရေနှင့် အိမ်အကြောင်း သန်းခေါင်စာရင်း ၂၁၉
အာစီယံ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူခြင်း ၂၂၁
ကချင်မောင်း (အစဉ်သုံး) ၂၂၂
မြန်မာ-တရုတ်-အိန္ဒိယ သုံးနိုင်ငံမှ ဦးဆောင်ချမှတ်ခဲ့သော ငြိမ်းချမ်းစွာ ၂၂၃
အတူယှဉ်တွဲ နေထိုင်ရေးမူကြီး ငါးရပ်
(၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ၂၂၄
အာဆီယံအသိုက်အဝန်း ၂၂၅
(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ ၂၂၆
၂၁ ရာစု ပင်လုံပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၂၆
(၂၃) ကြိမ်မြောက် အာဆီယံဒေသတွင်းနှင့် မိတ်ဖက်နိုင်ငံများ၏ ၂၂၈
စာတိုက်လုပ်ငန်းအစည်းအဝေး
(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ ၂၂၈
နှစ် (၇၀) ပြည့် နိုင်ငံခြားရေး ဝန်ကြီးဌာန ၂၂၉
မြန်မာ့ပတ္တလားနှင့် မြန်မာ့စောင်း (အစဉ်သုံး) ၂၂၉
ရခိုင်မဂ်လာစည်တော်၊ ရှမ်းအိုးစည်၊ မွန်လခြမ်းမောင်းနှင့် ကချင်ကြေးမောင်း ၂၃၀
နှစ် (၅၀) အာဆီယံနှင့် ပန်းပိတောက် ၂၃၁
နှစ် (၇၀) မြောက် လွတ်လပ်ရေးနေ့ ၂၃၂
ရန်ကုန်စာတိုက်ကြီး အဆောက်အအုံ နှစ် ၁၁၀ ပြည့် အထိမ်းအမှတ် ၂၃၂
(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ ၂၃၃
မြင်းခင်းပွဲနှင့် ခွာညိုပန်း ၂၃၄
ထမနဲပွဲနှင့် ပေါက်ပန်း........................ ၂၃၅

မြန်မာစာပို့တံဆိပ်ခေါင်းများ၏ ပညာရပ်ဆိုင်ရာ အချက်အလက်များ........................ ၂၃၆
မြန်မာစာပို့တံဆိပ်ခေါင်းများဆိုင်ရာ စာရင်းများနှင့် အဆုံးအစွန်များ........................ ၂၇၆
ကိုးကားမှုများ ၃၀၀
ရေးသားပြုစုသူ ၃၀၇



စာရေးသူ၏
အမှာစာ

လွန်ခဲ့သည့် နှစ်အနည်းငယ်က ကျင်းပခဲ့သော ကျွန်တော်၏ အသက် (၇၀) ပြည့် မွေးနေ့ဧည့်ခံပွဲသို့ တက်ရောက်လာသည့် တံဆိပ်ခေါင်း ဝါသနာရှင်ကိုသီဟလွင်က မြန်မာစာပို့ တံဆိပ်ခေါင်း များ၏ ရောင်စုံရုပ်ပုံများနှင့် အတူ၊ တံဆိပ်ခေါင်းနောက်ခံအကြောင်း အရာများပါရှိသော စာအုပ်တစ်အုပ်ကို မြင်တွေ့၊ ဖတ်ရှုလိုပါကြောင်း နှင့် ထိုသို့ထုတ်ဝေနိုင်ရန် ပံ့ပိုးကူညီပါမည့်အကြောင်းလည်း ပြောကြား ခဲ့သည်။ ဤသို့ဖြင့် တစ်နှစ်ကျော်ခန့်အကြာ၌ မွေးနေ့ဧည့်ခံပွဲတွင် အကြံပြုပြောကြားခဲ့သော မြန်မာစာပို့ တံဆိပ်ခေါင်းဆိုင်ရာ စာအုပ်ကို ရေးသားပြုစု အကောင်အထည်ဖော်နိုင်ရေးအတွက် ကိုသီဟလွင်က လုပ်ငန်းစတင်ပါရန် တောင်းဆိုလာပါသည်။ ကျွန်တော်လည်း ချက်ချင်းဆိုသလို မြန်မာတံဆိပ်ခေါင်းများဆိုင်ရာ အချက်အလက် များကို စတင်ရှာဖွေစုဆောင်းရတော့သည်။ တံဆိပ်ခေါင်းဝါသနာရှင် မိတ်ဆွေများ၏ မြန်မာတံဆိပ်ခေါင်းများဆိုင်ရာ မှတ်စုများ၊ စာတိုက်မှ ထုတ်ဝေထားသော မြန်မာတံဆိပ်ခေါင်းများဆိုင်ရာ အချက်အလက် များအပြင် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်မှ စာအုပ်စာတမ်းများ၊ ရည်ညွှန်းစာအုပ်များကို ရှာဖွေစုဆောင်း လေ့လာခဲ့ရသည်။ ဤမျှဖြင့် မကသေးပေ။ မြန်မာတံဆိပ်ခေါင်းများကို အသေးစိတ်လေ့လာ ထားသော ပြည်တွင်း၊ ပြည်ပမှ တံဆိပ်ခေါင်းပညာရှင်များကို ဆက်သွယ်၍ မြန်မာ့တံဆိပ်ခေါင်းများဆိုင်ရာ အချက်အလက်များကို စုစည်းခဲ့ရသည်။ မြန်မာတံဆိပ်ခေါင်းများနှင့် ဆက်နွယ်သော အကြောင်းအရာများအတွက်လည်း သက်ဆိုင်ရာ ကျွမ်းကျင်သည့်

ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ခဲ့ရသည်။ ဤကဲ့သို့ ရှာဖွေ၊ စုစည်း၊ ရေးသား၊ ပြုစုခဲ့ရာ အချိန်ကာလအားဖြင့် ခြောက်လကျော်ကြာမြင့်ခဲ့သည်။ ယခုထုတ်ဝေသော "မြန်မာ့ စာပို့တံဆိပ်ခေါင်းများ" စာအုပ်၏ ပြည့်စုံ၊ လှပ၊ စိုပြည်နေရခြင်းမှာ စာအုပ်ရေးသားရာတွင် အထက်က ဖော်ပြခဲ့သော ပံ့ပိုးကူညီကြသူများကြောင့် ဖြစ်ပေသည်။

"မြန်မာ့စာပို့တံဆိပ်ခေါင်းများ" စာအုပ်မှာ မြန်မာနိုင်ငံမှ ထုတ်ဝေခဲ့သော မြန်မာစာပို့တံဆိပ်ခေါင်းများ၏ ရောင်စုံရုပ်ပုံများနှင့်တကွ တံဆိပ်ခေါင်းထုတ်ဝေရသည့် အကြောင်းရင်း၊ တံဆိပ်ခေါင်းဆိုင်ရာ နောက်ခံအကြောင်းအရာနှင့် တံဆိပ်ခေါင်းအကြောင်းအရာတို့ကို စုစည်းတင်ပြထားသော စာအုပ်ဖြစ်သည်။ မြန်မာနိုင်ငံမှ ပထမဆုံးထုတ်ဝေခဲ့သော ၁၉၃၇ ခုနှစ် အစဉ်သုံးတံဆိပ်ခေါင်းများမှစ၍ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ထုတ်ဝေခဲ့သော ထမနဲပွဲနှင့်ပေါက်ပန်း တံဆိပ်ခေါင်းအထိ ပါဝင်ပါသည်။ ဤစာအုပ်ရေးသား ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံမှ ထုတ်ဝေခဲ့သော မြန်မာစာပို့တံဆိပ်ခေါင်းများအကြောင်းကို အများပြည်သူအဖို့ ဗဟုသုတအဖြစ် ဖတ်ရှုလေ့လာဆည်းပူးနိုင်ရန်အတွက် ဖြစ်သည်။ ထို့ကြောင့် တံဆိပ်ခေါင်းပညာရပ်ဆိုင်ရာ အကြောင်းအရာများကို ၃၀% လောက်သာ ထည့်သွင်းရေးသားထား ခြင်းဖြစ်သည်။ မြန်မာစာပို့တံဆိပ်ခေါင်း တစ်မျိုးချင်းစီ အလိုက် အကြောင်းအရာများကို မဖတ်ရှုမီ၊ မြန်မာစာပို့တံဆိပ်ခေါင်းများနှင့် ထိုတံဆိပ်ခေါင်းများ၏ ဆက်စပ်အကြောင်းအရာများကို "မိတ်ဆက်" အနေဖြင့် ကနဦး ရေးသားဖော်ပြထားသည်။ မြန်မာစာပို့တံဆိပ်ခေါင်းများကို လေ့လာရာ၌ ခေတ်ကာလအလိုက် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများကို အပိုင်းခွဲ၍ လေ့လာလေ့ရှိရာ ဤစာအုပ်၌ မြန်မာစာပို့တံဆိပ်ခေါင်းများကို ခေတ်ကြီး ရှစ်ခေတ် ပိုင်းခြား၍ တင်ပြထားသည်။ အခြေခံအားဖြင့် စာပို့တံဆိပ်ခေါင်းများကို အကြောင်းအရာ သို့မဟုတ် အထိမ်းအမှတ်အတွက် တစ်နေ့တည်းတွင် ထုတ်ဝေသော တံဆိပ်ခေါင်းများကို တစ်စုံ (a set) ဟု ခေါ်ဝေါ်လေ့ရှိရာ တံဆိပ်ခေါင်းရုပ်ပုံများနှင့် အကြောင်းအရာများကို ကာလအလိုက်စဉ်၍ အစုံလိုက်ရေးသားတင်ပြထားခြင်းဖြစ်သည်။ တံဆိပ်ခေါင်းအကြောင်းအရာများကို ရေးသားရာ၌ မဖြစ်မနေသုံးစွဲခဲ့ရသော တံဆိပ်ခေါင်းဝေါဟာရများ၏ အဓိပ္ပာယ်ရှင်းလင်းချက်များကို သီးခြားဖော်ပြထားသည်။ ဤစာအုပ်၏ နောက်ပိုင်း၌ နောက်ဆက်တွဲအဖြစ် မြန်မာစာပို့တံဆိပ်ခေါင်းများ၏ ဒီဇိုင်းအမျိုးမျိုး၊ အထိမ်းအမှတ်အမျိုးမျိုး စသည်တို့ကို စာရင်း၊ ဇယားများဖြင့် ဖော်ပြထားသည်။

"မြန်မာ့စာပို့တံဆိပ်ခေါင်းများ" စာအုပ်အတွက် အမှာစာရေးပေးသော တံဆိပ်ခေါင်း ဝါသနာရှင်တစ်ဦးလည်းဖြစ်၊ ယခင် နိုင်ငံတော်သမ္မတတစ်ဦးလည်းဖြစ်သူ ဦးထင်ကျော်အား အထူးကျေးဇူးတင်အပ်ပါသည်။ ဤစာအုပ်ကို ပီပြင်စွာဖြစ်မြောက်နိုင်ရေးအတွက် ပံ့ပိုးကူညီကြသူများအနက် တံဆိပ်ခေါင်းဝါသနာပြန့်ပွားစေရန် ရည်ရွယ်ချက်ဖြင့် ပံ့ပိုးကူညီခဲ့သော ဝါသနာရှင် ကိုသီဟလွင်အား ပထမဦးစွာ ကျေးဇူးတင်ရှိကြောင်းမှတ်တမ်းတင်အပ်ပါသည်။ ဤစာအုပ်ရေးသားပြုစုရာတွင် တံဆိပ်ခေါင်းပညာရပ်ဆိုင်ရာ အကြောင်းအရာအချို့ကို ရှင်းလင်းပြသသော တံဆိပ်ခေါင်းပညာရှင် ဒေါက်တာကျော်ဝင်း၊ မြန်မာစာပို့တံဆိပ်ခေါင်းများပေါ်မှ ဇီဝဗေဒဆိုင်ရာ အကြောင်းအရာများနှင့် မြန်မာငှက်များအကြောင်းရှင်းလင်း ပြသပေးသော မြန်မာငှက်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းလေ့လာရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာသိန်းအောင်၊ မြန်မာစာပို့တံဆိပ်ခေါင်းများဆိုင်ရာ စာရင်းဇယားများကို ပြုစုပြီး မူကြမ်း (proof) ဖတ်ပေးသော ဝါသနာရှင်ဦးအောင်ကို၊ ဗြိတိသျှခေတ်စစ်အုပ်ချုပ်ရေးကာလနှင့် နန်းစွန့်ဘုရင်အကြောင်း ရှင်းလင်းပေးပို့သော ယူကေ (UK) နိုင်ငံထုတ် မြန်မာတံဆိပ်ခေါင်းဂျာနယ်၏ အယ်ဒီတာ ရစ်ချပ်ဝါရင် (Richard Warren)၊ မြန်မာတံဆိပ်ခေါင်းများအပေါ်မှ အချို့သော အကြောင်းအရာနှင့် စိန်တစ်လုံးသရက်သီးအကြောင်း ရှာဖွေရှင်းလင်းတင်ပြသော စာပေဗိမာန်လက်ထောက်စာတည်း ဒေါ် သဉ္ဇာနွယ် တို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ ဤစာအုပ် ရေးသားပြုစုရန်အတွက် သက်ဆိုင်ရာ စာအုပ်စာတမ်းများဖြင့် ကူညီကြသူ ရန်ကုန်မြို့၊ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် စာကြည့်တိုက်မှူး ဒေါ်ဥမ္မာထွေး၊ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်၊ ရည်ညွှန်းစာအုပ်များ ဌာနစိတ်မှ စာကြည့်တိုက်မှူး ဦးကျော်ခိုင်ဝင်းနှင့် ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။



ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ပုံနှိပ်စက်ပေါ်ရောက်သည်အထိ အဘက်ဘက်မှ လုပ်ကိုင်ဆက်သွယ်ပေးသော ဦးသီဟလွင်၏ အတွင်းရေးမှူးဖြစ်သူ ဒေါ်ခင်ငြိမ်းသက်ဝေ၊ စာစီစာရိုက်ပေးခြင်း၊ တံဆိပ်ခေါင်းများအား scan ဖတ်ပေးခြင်းတို့အား လုပ်ဆောင်ပေးသော Golden Media အဖွဲ့သားများနှင့် ခန့်ညားသပ်ရပ်သော မျက်နှာဖုံးနှင့် အတွင်းအပြင်အဆင် အတွက် မညည်းမညူ တာဝန်ယူပေးပါသော ဦးမြင့်စိုးဦးတို့အားလည်း အထူးကျေးဇူးတင်ရှိပါသည်။ "မြန်မာ့စာပို့တံဆိပ်ခေါင်းများ" စာအုပ်မှာ ကျွန်တော်၏ တံဆိပ်ခေါင်းပညာရပ်ဆိုင်ရာ ဉာဏ်မီသလောက်ဖြင့် တံဆိပ်ခေါင်းဝါသနာရှင်များနှင့် စာဖတ်ပြည်သူများအတွက် စေတနာ ရှေ့ထား၍ ရေးသားပြုစုထားခြင်းဖြစ်ပါသည်။

ကျော်မြင့်မောင်
ဖေဖော်ဝါရီ၊ ၂၀၁၉ ခုနှစ်

"မြန်မာ့စာပို့တံဆိပ်ခေါင်းများ" စာအုပ်မူကြမ်းကို ဖတ်ရှုရသည့်အခါ များစွာနှစ်ထောင်းအားရ ဖြစ်မိပါသည်။ နိုင်ငံ့သမိုင်းကိုဖော်ပြနေသော တံဆိပ်ခေါင်းများဟုဆိုချင်ပါသည်။

ဦးထင်ကျော် (နိုင်ငံတော်သမ္မတဟောင်း)

တံဆိပ်ခေါင်းသည် စာပို့ရုံသက်သက်မဟုတ်။ လူသားတို့ အသည်းနှလုံးကြားမှ ဖန်တီးမှုအနုပညာ တစ်ရပ်ဖြစ်ပေရာတံဆိပ်ခေါင်း လှလှပပများ ထုတ်ဝေနေသမျှ တံဆိပ်ခေါင်းစုဆောင်းသူ အများအပြားလည်း ရှိနေမည်ဖြစ်ပေသည်။

ဒေါက်တာ ချစ်စံ (ချစ်စံဝင်း)

နိုင်ငံ့မျိုးဆက်သစ်များအတွက် အားလပ်ချိန်များကို အကျိုးရှိရှိ အသုံးချနိုင်မည့် တံဆိပ်ခေါင်း စုဆောင်းခြင်းဆိုင်ရာ အလေ့အထများဖြစ်ထွန်း လာစေရန် အထောက်အကူပြုမည့် မှတ်တမ်း တစ်စောင်ဟု အသိအမှတ်ပြုပါသည်။

ဦးခမ်းအောင်
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စာတိုက်လုပ်ငန်း

သမိုင်းရဲ့ ပန်းချီကားချပ်တွေကို
ရင်ခုန်စွာမြင်နေရတယ်ဗျာ . . .

အလက်ဇကျော်စွာ စင်ရော်မောင်မောင်

"မြန်မာ့စာပို့တံဆိပ်ခေါင်းများ" စာအုပ် ထွက်ရှိလာခြင်းသည် မြန်မာ့စာပို့တံဆိပ်ခေါင်း သမိုင်းနှင့် မြန်မာ့စာပို့တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များအတွက် လိုအပ်နေသော ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးသည့်အတွက် ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုလိုက်ရပါသည်။

ဦးမြသောင်း (ဥက္ကဋ္ဌ)
မြန်မာတံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များအသင်း

မြန်မာ့စာပို့ တံဆိပ်ခေါင်းများ

ဗြိတိသျှကိုလိုနီခေတ်

မြန်မာနိုင်ငံဂျပန်ခေတ်

ပါလီမန်ဒီမိုကရေစီခေတ်

တော်လှန်ရေးအစိုးရခေတ်

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
တည်ဆောက်ရေးအဖွဲ့ ခေတ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီခေတ်

ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ခေတ်



ဤစာအုပ်ရေးသားသူ ဒေါက်တာကျော်မြင့်မောင်မှာ မော်လမြိုင်မြို့တွင် နေထိုင်စဉ် မူလတန်းအရွယ်မှ စတင်၍ တံဆိပ်ခေါင်းစုဆောင်းခဲ့ပြီး၊ ပြည်တွင်း-ပြည်ပ တံဆိပ်ခေါင်းအသင်းများ တွင်လည်း အသင်းဝင်အဖြစ် ပါဝင်ခဲ့သည်။

၁၉၈၂ ခုနှစ်မှ စတင်၍ ကနေဒါ၊ ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံထုတ် တံဆိပ်ခေါင်းဂျာနယ်များတွင် တံဆိပ်ခေါင်းဆောင်းပါးများ ရေးသားခဲ့ပြီး၊ မြန်မာ့မဂ္ဂဇင်းနှင့် ဂျာနယ်များတွင်လည်း တံဆိပ်ခေါင်းဆောင်းပါးများ ရေးသားခဲ့သည်။

၂၀၀၉ ခုနှစ်မှ စတင်၍ တံဆိပ်ခေါင်းစာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့ပြီး၊ ယခုအခါ တံဆိပ်ခေါင်းဆိုင်ရာ စာအုပ်ငါးအုပ် ရေးသားပြီးဖြစ်သည်။